မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 3 , 2026 Volume 99 , Number 2

၃. ၂. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၂.၁၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၅.၆၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၇၆.၆၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၇.၁၄ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၄.၄၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၉၂ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ခေတ်ဆန်းလာတဲ့အလှူပွဲတွေကြောင့် ရွှေချည်ထိုးလုပ်ငန်းတွေ အသက်ပြန်ဝင်လာ




တစ်ခေတ်ဆန်းလာသည့် အလှူပွဲများကြောင့်၊ မြန်မာ့ရွှေချည်ထိုးလုပ်ငန်းများ အသက်ပြန်ဝင်လာကြောင်း အဆိုပါ လုပ်ငန်းလုပ်ကိုင်ကြသူများထံက သိရပါတယ်။

တိမ်ကောပျောက်ကွယ်လုနီးပါးအခြေအနေမှ လုပ်ငန်းများပြန်လည် လည်ပတ်လာခြင်းဖြစ်ကြောင်း ၎င်းတို့က ဆိုကြပါတယ်။

"အလှူမင်္ဂလာဆောင်တွေ၊ နတ်ပွဲတွေမှာသုံးတဲ့အဝတ်အစားတွေ၊ နတ်ဝတ်တန်ဆာတွေနဲ့ ဆိုင်းဘုတ်တွေမှာ ရွှေချည်ထိုးအထည်တွေ ပြန်သုံးလာလို့ နည်းနည်း အသက်ရှူချောင်လာတယ်၊ မင်္ဂလာဆောင်က ဒီလောက်မဟုတ်ဘူး၊ ရှင်ပြုပွဲတွေနဲ့ နတ်ပွဲတွေမှာ အခုနောက်ပိုင်း ရွှေချည်ထိုးထည်တွေတအားသုံးလာကြတယ်၊ လုပ်ပြီးသား ငှားသုံးတာမျိုးရှိသလို အသစ်အပ်တာမျိုးလည်းရှိတယ်" လို့ လုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

ကုန်ကြမ်းရှားပါးခြင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုကျဆင်းသွားခြင်း၊ ကျွမ်းကျင်လုပ်သားနှင့် ပညာရှင်ရှားပါးလာခြင်းတို့ကြောင့် တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည့် မြန်မာ့ရွှေချည်ထိုးလုပ်ငန်းတွေဟာ ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းကစ၍ အလှူအတန်းများအပြိုင်အဆိုင်ပြုလုပ်လာမှုကြောင့် ပြန်လည်အသက်ဝင်လာခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

ဆင်၊ မြင်း၊ လှည်းယာဉ်၊ဝင်းခင်းသဘင်အခမ်းအနားဖြင့်ပြုလုပ်သည့် ရဟန်းခံ ရှင်ပြုအလှူပွဲများ၊ လူကုံထံများ အပြိုင်အဆိုင်ပြုလုပ်ကြသည့် မင်္ဂလာညစာခံပွဲများ၊ သက်ဝင်

ယုံကြည်မှုမှတစ်ဆင့်ဖြစ်ပေါ်လာသည့်နတ်ပူဇော်ပသပွဲများတွင် မြန်မာ့ရွှေချည်ထိုးအထည်များကို ခေတ်နှင့်အညီ အပြိုင်အဆိုင် အသုံးပြုလာကြရာမှ လုပ်ငန်းများပြန်လည် လည်ပတ်လာနိုင်ခြင်းဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့ရွှေချည်ထိုးပစ္စည်း(ပန်းချီကားနှင့်အထည်)များအား၊ ယခင်က ဟိုတယ်နှင့်နေအိမ်အလှဆင်ခြင်း၊ နိုင်ငံရပ်ခြားသို့ လက်ဆောင်ပေးခြင်း၊ ဆိုင်ဖွင့်ပွဲအမှတ်တရလက်ဆောင်ဖလှယ်ခြင်းတို့တွင်သာ အသုံးပြုခဲ့ကြကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## ကြံ ၁ တန်ကို ကျပ်တစ်သိန်းခွဲဈေးပေးမဝယ်လို့ စစ်ကိုင်းအထက်ပိုင်းကကြံတောင်သူတွေ အခက်တွေ့နေ




စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် သကြားစက်ရုံများက ကြံတစ်တန်လျှင် ကျပ်တစ်သိန်းခွဲဈေးပေးမဝယ်သဖြင့် ကြံစိုက်တောင်သူများ အခက်တွေ့နေကြကြောင်း သိရပါတယ်။

စက်ရုံအရောက် အခြေခံဈေးနှုန်းကျပ် ၁၁၀,၀၀၀သာ သတ်မှတ်ခြင်းဟာ စိုက်ပျိုးခုတ်ထွင်စရိတ်ကာမိရုံသာရှိကြောင်း ၎င်းတို့က ဆိုပါတယ်။

“ဒီဘက်ကစက်ရုံတွေက ကျွန်တော်တို့ကြံကို သကြားဈေးနဲ့တွက်ပြီးဈေးဖြတ်တယ်၊ အခြေခံဈေး တစ်တန်ကို ၁၁၀,၀၀၀တဲ့၊ သကြားဈေးတက်ရင်ပိုပေးမယ်ပေါ့၊ရှမ်းမြောက်ဒေသမှာတစ်တန်ကို ကျပ် ၁၇၀,၀၀၀ ၁၈၀,၀၀၀ လောက်ရနေချိန်၊ ဒီဘက်ကတောင်သူတွေက ကျပ်၁၅၀,၀၀၀ တောင်းတာ မများဘူးလေ၊ အခုက ကြံတွေကမခုတ် မဖြစ် ခုတ်ရမယ့်အချိန်ရောက်နေပြီ၊ သူတို့ပေးတဲ့ဈေးနဲ့လည်းမကိုက်တော့ ခက်ကုန်တာ။ အဲဒီဈေးက စက်ရုံ အရောက်ဈေးနဲ့မကိုက်ဘူးဗျ။ ခုတ်ခ၊ တင်ခ၊ ကားခနဲ့ ကျပ်၁၅၀,၀၀၀မရရင် မကိုက်ဘူး” လို့ ထီးချိုင့်မြို့နယ်မှ ကြံစိုက်တောင်သူတစ်ဦးကပြောပါတယ်။

စက်ရုံများဘက်ကတော့ တစ်တန်လျှင်အခြေခံဈေးနှုန်း ၁၁၀,၀၀၀ကျပ်ဖြင့်သာ ဝယ်ယူရန်ကမ်းလှမ်းထားပြီး သကြားဈေး အတက်အကျအပေါ်မူတည်၍ နောက်ဆုံးဈေး ၁၄၀,၀၀၀ကျပ်အထိပေးမယ်လို့ ဆိုထားပါတယ်။

လက်ရှိတွင် တောင်သူနှင့်စက်ရုံများကြား ညှိနှိုင်းမှုမပြေလည်သေးသဖြင့် စက်ရုံများလည်ပတ်နိုင်ခြင်းမရှိသေးကြောင်း သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် တန်၃၀၀နှင့်အထက်ကြိတ်ဝါးနိုင်သည့် သကြားစက်ရုံ (၆)ရုံရှိပြီး ဒေသတွင်းမှာ စုစုပေါင်း ကြံစိုက် ဧက ၁၀,၀၀၀ခန့်ရှိတယ်လို့ သိရပါတယ်။

Source : https://opinionleadersmedia.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၁-၂၀၂၆ မှ ၃၀-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၂,၈၇၅,၀၀၀၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၃,၁၇၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၀၉၀,၀၀၀ ဈေးဖြစ် ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၁၄၂,၀၀၀ ၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၁၈၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၂၁၆,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၁၉၅ လုံး (တန်ချိန် ၄၆၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန်

၁၅၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၂၇၀ လုံး (တန်ချိန် ၆၄၈၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop)ကွန်တိန်နာ ၁၂၀ လုံး(တန်ချိန် ၂၈၈၀) ဝင်ရောက် ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲကွန်တိန်နာ ၇၅ လုံး(တန်ချိန် ၁၈၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅၅ လုံး (တန်ချိန် ၁၃၂၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၈,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၈,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၄,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၁၉,၀၀၀ နှင့် ဇီးပွပု(သစ်) ကျပ် ၂၁,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၂,၅၀၀၊ မြားနီ(သစ်) ကျပ် ၁,၅၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂,၀၀၀ ၊ပျော်ဘွယ်မိုးထောင် ကျပ် ၅၀၀ အသီးသီးဈေး ကျဆင်း ခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၂၂၀၀ (၄၄,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၇၀ (၈,၅၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည်အိတ်ပေါင်း ၃၁၀၀ (၆၂,၀၀၀ ပိဿာ) နှင့် ငရုတ်ပုအိတ် ပေါင်း ၆၅၀(၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၉၀၀(၁၈,၀၀၀ ပိဿာ)နှင့် ငရုတ်ပုအိတ်ပေါင်း ၈၀ (၁,၂၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၆၅၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၁၀၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ် လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များ မှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၇၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၆၀၀၀၊ ရေစကြို ထန်းလျက်(သစ်) ကျပ် ၇၅၀၀၊ ကြံသကာ ကျပ် ၄၄၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၂၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၆-၁-၂၀၂၆ မှ ၃၀-၁-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၃၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၂၃၀၀ ၊ မြင်းခြံလတ် ကြီး ကျပ် ၂၅၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၂၂၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၁၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူ လတ်ချော ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၀၀ ၊ မြင်းခြံသစ်ရှယ် ကျပ် ၂၀၀ ၊ မြင်းခြံလတ်ကြီး ကျပ် ၇၀၀ ၊ မြင်းခြံလတ်သန့် ကျပ် ၈၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည် ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၄၅ စီး(၈၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ် တွင် ကားစီးရေ ၁၃၀ စီး (၇၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၁၅ စီး

(၉၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက် ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁,၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၄၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၆၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်) ကျပ် ၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၆၉၅ (၅၀,၈၅၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၁၃၂၅ (၃၉,၇၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၃၇၀ (၁,၁၁၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့အောင်ပန်းမြို့နှင့်တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်း များမှာ အောင်ပန်း A1 ကျပ် ၃၅၀၀၊ အောင်ပန်း OK ကျပ် ၄၅၀၀၊ အောင်ပန်း S1 ကျပ် ၅၀၀၀၊ အောင်ပန်း S2 ကျပ် ၅၀၀၀ နှင့် တရုတ်အာလူး ကျပ် ၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၅၀၀၊ အောင်ပန်း S1 ကျပ် ၅၀၀၊ အောင်ပန်း S2 ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၃၈ စီး (၂၂၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၃၀ စီး (၁၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင့် ယခင် အပတ်ထက် အာလူးကားစီးရေ ၈ စီး (၄၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ဆည်ခရိုင်၏ ဝါစိုက်ပျိုးထွက်ရှိမှုအခြေအနေ



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်၊မြစ်သားမြို့နယ်များတွင် ၂၀၂၅-၂၀၂၆ခုနှစ်၊ မိုးချည်မျှင်ရှည်ဝါများ ပန်းတိုင်အတွက်နှုန်းရရှိရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၁၃,၄၆၄ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၆၁၇ဧကနှင့် မြစ်သားမြို့နယ်တွင် ၁၀,၆၇၂ ဧကစိုက်ပျိုးထားရှိပြီး စုစုပေါင်း စိုက်ပျိုးဧက ၃၃,၇၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်အထိ စုစုပေါင်းရိတ်ဧက ၁၇,၆၈၈ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး၊ အထွက်စုစုပေါင်းအနေဖြင့် ဝါပိဿာ ၈,၆၄၁,၂၄၁ ပိဿာ ထွက်ရှိပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ယခုအခါ ဝါများဖြိုင်ဖြိုင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း ဝါစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးချည်မျှင်ရှည်ဝါသီးနှံများကို ကျောက်ဆည်မြို့ အရှေ့ဘက် ဖျောက်ဆိပ်ပင် ကျေးရွာ အပါအဝင် ရဲဘော်ကြီး၊ မိုင်းပန်၊ ကလေး၊ ရှမ်းတောင်ဦး၊ ရဲယမန်းရွာ၊ တောင်တော်၊ ပေါင်လောင်၊ ကင်းကျေးရွာများနှင့် မြစ်သားမြို့နယ်တွင် ဒိုင်း၊ မြနဒီ ကျေးရွာများတွင်လည်း အများဆုံးစိုက်ပျိုးကြကြောင်း၊ မျိုးအနေဖြင့် ရွှေတောင်(၈)၊ ရွှေတောင်(၁၀) နှင့် B-31 မျိုးများ စိုက်ပျိုးထားကြောင်း သိရှိရပါသည် ။ မြစ်သားမြို့နယ်အနေဖြင့် မိုးချည်မျှင် ရှည်ဝါမျိုးအနေဖြင့် ရာကာ 666 မျိုးကိုစိုက်ပျိုးရန် ဆန္ဒရှိသော်လည်း ဝယ်ယူစိုက်ပျိုးရန် အခက်အခဲရှိသဖြင့် တောင်သူများအချင်းချင်းမျိုးခံ၍ မျိုးထုပ်စိုက်ပျိုး

မှုများလည်းရှိကြောင်း၊ ရွှေတောင်(၈)၊ ရွှေတောင်(၁၀)မျိုးများကိုစိုက်ပျိုးကြကြောင်း၊ မြနဒီကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦး၏ ပြောပြချက်အရ ဝါတစ်ဧက စိုက်ပျိုးမှုအနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ၁,၅၀၀,၀၀၀ကျပ်ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်း (၁)ဧက ပိဿာ(၅၀၀-၆၀၀)အထိထွက်ရှိကြောင်း၊ သွင်းအားစုနှင့် အပြုအစု ကောင်းရန်၊ ပိုးသတ်ဆေး နှင့်ရေသွင်း ရေထုတ် စနစ်တကျ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ယခုနှစ်အနေဖြင့် ဝါဈေးနှုန်း တစ်ပိဿာ ၅၀၀၀-၅၂၀၀ ကျပ် ရရှိသဖြင့် တွက်ခြေကိုက်မှုရှိကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

## တရုတ်နှင့်ဂျပန်ဈေးကွက်များသို့ သီဟိုဠ်စေ့ တိုးမြှင့်တင်ပို့ရန် ကမ္ဘောဒီးယားကြိုးပမ်း



ကမ္ဘောဒီးယား သီဟိုဠ်စေ့စိုက်ပျိုးထုတ်လုပ်သူများအသင်း (CAC) သည် ပြည်ပဈေးကွက် များသို့ ဖြန့်ကျက်ရန်နှင့် တရုတ်နှင့် ဂျပန်သို့ တိုး မြှင့်တင်ပို့ရန် ရည်ရွယ်၍ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် စီးပွားရေးလုပ်ငန်းရှင်အချင်းချင်း မိတ်ဆက်တွေ့ဆုံပွဲ (B2B) နှစ်ခုကို ကျင်းပပြုလုပ်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

သီဟိုဠ်စေ့အဆန်နှင့် အခွံဝယ်ယူရန် စိတ်ဝင် စားသော တရုတ်ကုမ္ပဏီ ၁၀ ခုအား ပြည်တွင်းကုန်သည်များနှင့် ချိတ်ဆက်ကာ ဖေဖော်ဝါရီတွင် မြို့တော်ဖနွမ်းပင်၌ တွေ့ဆုံပွဲ တစ်ခုစီစဉ်ပေးသွားမည်ဖြစ်ပြီး အဆိုပါပွဲကို တရုတ်-ကမ္ဘောဒီးယား စီးပွားရေးမြှင့်တင်ဖော်ဆောင်မှုအသင်းနှင့် ပူးပေါင်း စီစဉ် သွားမည်ဖြစ်ကြောင်း သိရသည်။

မတ်လတွင်ပြုလုပ်မည့် ဒုတိယတွေ့ဆုံပွဲတွင် CAC အဖွဲ့ဝင်များနှင့် ဂျပန်ကုမ္ပဏီများပါဝင်ရန် စီစဉ်ထားကြောင်း၊ ဂျပန် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအဖွဲ့ (JETRO) က ဦးစီးပြုလုပ်သည့် အစီအစဉ်များသည် ကမ္ဘောဒီးယား သီဟိုဠ်စေ့များကို ဂျပန်ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး အထူးရည်ရွယ်ထားခြင်းဖြစ်ကြောင်းသိရသည်။

ကမ္ဘောဒီးယားစက်ရုံ ၄၀ နီးပါးသည် ဂျပန်ကုမ္ပဏီ၂၀ နှင့် တွေ့ဆုံခွင့်ရရှိရန် မျှော်မှန်းထားကြောင်း၊ ယခုတွေ့ဆုံမှုသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် အဆင့်မြင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး နောက် ပေါ်ပေါက်လာသည့် အစီအစဉ်ဖြစ်ပြီး၊ ယင်းအစီ အစဉ်တွင် မတ်လ ၉ ရက်နေ့ Kampong Thom ဒေသသို့ အလည်အပတ် ပို့ဆောင်မှုအပါအဝင် ဧည့်သည့်တော်များအနေဖြင့် ထုတ်လုပ်မှု စံချိန်စံညွှန်းများနှင့်ထုတ်လုပ်သည့်စက်ရုံ၊အလုပ်ရုံများအားစစ်ဆေးခြင်းလည်းပါဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယား၏ သီဟိုဠ်စေ့တင်ပို့မှုသည် ၂၀၂၅ ခုနှစ်တွင် စံချိန်တင်ဖြစ်ခဲ့ကာ သီဟိုဠ်စေ့ ကုန်ကြမ်းတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့ပြီး၊ ဝင်ငွေ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်သို့ ၉၀ ရာခိုင်နှုန်းတင်ပို့လျက်ရှိရာ အစိုးရ၏ အမျိုးသားအဆင့် သီဟိုဠ်စေ့ တင်ပို့မှုမူဝါဒ (၂၀၂၂-၂၀၂၇) အရ ကမ္ဘာ့ဈေးကွက်သို့ တိုက်ရိုက်တင်ပို့ရန်နှင့် ပြည်တွင်း ထုတ်လုပ်မှု အဆင့်ဆင့်၏ စွမ်းရည်ကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း သိရသည်။

**Source:KhmerTimes,January24,2026**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## ဆန်တန်ချိန်သုံးသိန်း တင်သွင်းရောက်ရှိရမည့် နောက်ဆုံးနေ့ရက် ဖိလစ်ပိုင်သတ်မှတ်



ဖိလစ်ပိုင်နိုင်ငံသို့ တင်သွင်းလာမည့် ဆန်တန်ချိန် ၃၀၀,၀၀၀ ခန့်သည် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ထက် နောက်မကျဘဲ ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိရမည်ဖြစ်ကြောင်း သတ်မှတ်ရက်ထက် နောက်ကျသော ကုန်စည်ပို့ဆောင်မှုများကို မူရင်းတင်ပို့သည့်နိုင်ငံများသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန (DA) က ပြောကြားခဲ့သည်။

မတ်လနှင့် ဧပြီလများတွင် စပါးများ ရိတ်သိမ်းထွက်ရှိမည့်အချိန်နှင့် တိုက်ဆိုင်မှု မရှိစေရန်အတွက် တင်သွင်းလာသော ဆန်များသည် ဖေဖော်ဝါရီလကုန်တွင် သို့မဟုတ်၎င်းထက်စော၍ ရောက်ရှိရန်လိုအပ်သည်ဟုအဆိုပါဌာနမှလက်ထောက်အတွင်းဝန် Arnel de Mesa က ဇန်နဝါရီ ၂၂ ရက်နေ့တွင် သတင်းထောက်များကို ပြောဆိုခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ လုပ်ဆောင်ရခြင်းမှာ ပြည်တွင်း စပါးထုတ်လုပ်မှု အမြင့်ဆုံးရောက်ရှိချိန်တွင် တင်သွင်း လာသော ဆန်များကြောင့် ပြည်တွင်းစပါးရိတ်သိမ်းမှုအပေါ် သိသိသာသာ ထိခိုက်မှု မရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ရက်ထက် နောက်ကျ၍ ရောက်ရှိလာသော မည်သည့်ကုန်ပစ္စည်းကိုမဆို ထုတ်ပေးရန် ငြင်းပယ်သွားမည်ဖြစ်ပြီး တင်သွင်းသူ၏ ကုန်ကျစရိတ်ဖြင့် မူရင်းတင်ပို့သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်စေမည်ဖြစ်ကြောင်း De Mesa က မှတ်ချက် ပြုပြော ကြားခဲ့သည်။

ယခုလုပ်ဆောင်ချက်သည် ပြီးခဲ့သည့် စက်တင်ဘာလက စတင်ခဲ့သော (၄) လကြာ ဆန်တင်သွင်းမှု ပိတ်ပင်ကန့်သတ်ချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်ပြီး နှစ်ဆန်းပိုင်းတွင် နိုင်ငံတကာ ဆန်ဈေးကွက်သို့ တရားဝင် ပြန်လည်ဝင်ရောက်လာခြင်း ဖြစ်သည်။

Source:VietnamPlus,26/01/2026

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

TIR

## STOCK EXCHANGE (3.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Feb. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,778 (Shares) | 54,333,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 27 | 226,800 | 33,109,694 | 278,121 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 5,364 | 20,210,050 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 4,026 | 11,265,600 | 29,664,613 | 83,061 |
| TMH | 00005 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 18 | 58,150 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 2,261 | 3,628,600 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 3,900 | 4,100 | 3,900 | 462 | 1,802,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 5,620 | 17,142,000 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 2nd Feb. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.57 | +0.29 | +0.07% | 414.28 | 414.57 | 413.12 | 17,778 | 54,333,400 | 8 | 781,962 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Feb. 2026

| Trading Volume | Trading Value |
|---|---|
| 187,790 (Shares) | 479,450,000 (MMK) |

### Main Board

As of 1:00 pm, 2nd Feb. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,778 (Shares) | 54,333,400 (MMK) |

| MYANPIX | 414.57 ▲ 0.29 |
|---|---|
| Total Volume (shares) | 17,778 |
| Total Value (MMK) | 54 mil |
| Listed Company | 8 |
| Market Cap. (MMK) | 781,962 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 50 |
| TMH | 00005 | 3,200 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,050 | ▼ 50 |